**ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်မည့်အထောက်အထားများ | (၁) ပြန်လည်ထုပ်ပိုးမည့် ပိုးသတ်ဆေးများစာရင်း၊<br>(၂) ထုပ်ပိုးမှုအရွယ်အစားနှင့် နှစ်အလိုက် ပြန်လည် ထုပ်ပိုးမည့် ပမာဏ၊<br>(၃) ထည့်သွင်း/ ထုပ်ပိုးပစ္စည်း နမူနာနှင့် တံဆိပ် (အညွှန်းစာ)များ၊<br>(၄) ပိုးသတ်ဆေးမှတ်ပုံတင်ခွင့် ရရှိထားသူနှင့် ထုတ်လုပ်သူ၏ သဘောထား တူညီချက်စာ၊<br>(၅) လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူနှင့်ရှေးဦးသူနာပြုနည်းများဖြေဆိုအောင်မြင်ကြောင်း ထောက်ခံ ချက်၊<br>(၆) ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်းအတွက်အသုံးပြုမည့်ပစ္စည်းကိရိယာများ စုဆောင်းထားရှိမှု၊<br>(၇) လုပ်ငန်းခွင် ကျန်းမာရေးနှင့် စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဆောင် ရွက်ထားရှိမှု၊<br>(၈) စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက် ထားရှိမှု၊<br>(၉) မီးဘေးအန္တရာယ်နှင့်ကျန်းမာရေးအန္တရာယ်များမှ ကာကွယ်ရန် ကိရိယာ များ တပ်ဆင်ထားခြင်းရှိမှု၊<br>(၁၀) စက်ရုံတွင်းမှအနံ့အသက်များ ပပျောက်ရန် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်<br>(၁၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်မှုလုပ်စဉ်၊<br>(၁၂) သဘာဝပတ်ဝန်းကျင် အန္တရာယ်ကင်းစေရေးအတွက် ဆောင်ရွက်ထား ရှိမှု၊<br>(၁၃) ထုတ်လုပ်ပြီးသော ပိုးသတ်ဆေးများကို သိုလှောင်မည့် လုပ်ငန်းစဉ်၊ သိုလှောင်ရုံအတွက် လက်လီလက်ကားရောင်းချခွင့်လိုင်စင်၊<br>(၁၄) သယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်များ၊<br>(၁၅) လိုင်စင်လျှောက်ထားသည့် စက်ရုံအတွက် လိုအပ်မည့် တိုင်းဒေသကြီး/ ပြည်နယ်၊ခရိုင်အလိုက် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ ထောက်ခံချက် များ |
| လက်တွေ့လုပ်ထုံး လုပ်နည်း | (က) လျှောက်ထားသူသည် တင်ပြရန် လိုအပ်မည့်အထောက်အထားများကို စိုက်ပျိုး ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။<br>(ခ) ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေး နည်းပညာ ကော်မတီဝင်များ ပါဝင်သော စစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်းကာ စက်ရုံ အား ကွင်းဆင်းစစ်ဆေးပါမည်။<br>(ဂ) ကွင်းဆင်းစစ်ဆေးအစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေး ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိစစ်ပြီးပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက် ပျိုးရေးဦးစီးဌာန ထံတင်ပြကာသတ်မှတ်ထားသော လိုင်စင်ကြေး သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာကုမ္ပဏီမှ ပေးသွင်းပြီး ပုံစံ(၆) ဖြင့် လိုင်စင်ထုတ်ပေးပါသည်။ |
| ဝန်ဆောင်ခ | ပြန်လည်ထုပ်ပိုးမည့်ပိုးသတ်ဆေးတစ်မျိုးအတွက် ၃နှစ်လျှင် ၁,၅၀၀,၀၀၀ ကျပ် |

| | |
|---|---|
| ကြာမြင့်ချိန် | လိုအပ်သည့်အချက်၊ တင်သွင်းရမည့်အချက်အလက်များ ပြည့်စုံလျှင် အလုပ် လုပ်ရက်(၁)ပတ်နှင့် လိုအပ်သည့်အချက်၊ တင်သွင်းရမည့်အချက် အလက် များ ပြည့်စုံမှု ရှိ/မရှိပေါ် မူတည်၍ အချိန်ကြာမြင့်နိုင်မည်။ |
| မှတ်ချက် | - |
| လျှောက်ထားရမည့်နေရာ | လျှောက်လွှာအားညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊စိုက်ပျိုးရေးဦးစီးဌာန၊ရုံး အမှတ်(၁၅)၊နေပြည်တော်သို့လိပ်မူ၍လျှောက်ထားရမည်။ |
| အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့် | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန |